တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအထူးခံမှုအမှတ် ၃၅၈

၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁ တွင် ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် တင်သွင်းသောအယူခံမှု

ရှီဆေးဒိုးစင်ကာပူကုမ္ပဏီ (ပီတီအီး) လီမိတက် နှင့် တော်ဝင်ဦးကုမ္ပဏီလီမိတက်
SHISEIDO SINGAPORE CO.(PTE) LIMITED (၎င်း၏ကိုယ်စားပြုသူအုပ်ချုပ်မှုဒါရိုက်တာဦးသိန်းဝင်း)

အယူခံတရားလို အယူခံတရားပြိုင်

အယူခံတရားလိုအတွက် - ဦးသန်းဦး၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁ တွင် တော်ဝင်ဦးကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စားအုပ်ချုပ်မှုဒါရိုက်တာဦးသိန်းဝင်း) က ရှီဆေးဒိုးကုမ္ပဏီ (ပီတီအီး) လီမိတက် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်စုစုမြတ်) အပေါ် နစ်နာကြေးငွေအမေရိကန်ဒေါ်လာ ၁၀၀၀၀၀၀၀၀ (ဒေါ်လာသိန်းတစ်ရာ) နှင့်ညီမျှသော ငွေကျပ်သိန်းပေါင်း ~~၁၃၇၀၀~~ ၁၃၇၀၀၀ (သိန်းပေါင်း ~~၁၃၇၀၀~~ ၁၃၇၀၀၀ တိတိ) ရလိုကြောင်း စွဲဆိုသည့်အမှုတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) နှင့် ၁၀ (ဃ) တို့အရ အမှုကိုအနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရန် လွှဲအပ်အမိန့်ချမှတ်ပေးပါရန်နှင့် ဆိုင်းငံ့ပေးပါရန် တရားပြိုင်ဘက်မှ လျှောက်ထားရာ ငြင်းပယ်သည့်အမိန့် ချမှတ်လိုက်သဖြင့် တရားပြိုင် ရှီဆေးဒိုးကုမ္ပဏီက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက မူလရုံးတရားလို၏ အဆိုလွှာ အပိုဒ် ၁၊ ၅၊ ၆၊ ၇ တို့အရပင် တရားလိုစွဲဆိုသောအမှုသည် တရားလို / တရားပြိုင်တို့ ဖြန့်ချီရေး သဘောတူညီချက်အရ နှစ်ဖက်ဆက်သွယ်ပြီး ဖြန့်ချီရေးလုပ်ငန်းလုပ်ကိုင်စေခဲ့ပြီးမှ ၂၀၁၆ ခုနှစ် နောက်ပိုင်းတွင် တရားလိုက ဖြတ်တောက်လိုက်ကာ အခြားကုမ္ပဏီသစ်တစ်ခုကို အစားထိုး လိုက်သဖြင့် နစ်နာကြေးပေးရန် တောင်းခံရာမှ ပေါ်ပေါက်သည့် အငြင်းပွားမှုဖြစ်ပြီး ဖြန့်ချီရေး စာချုပ်ပါ စည်းကမ်းချက်များအရ အနုညာတနည်းဖြင့် စီရင်ဆုံးဖြတ်ရမည့် အမှုအမျိုးအစား ဖြစ်ကြောင်း ထင်ရှားပါလျက် လျှောက်ထားမှုကို ငြင်းပယ်ခြင်းမှာ မှားယွင်းကြောင်း၊ မူလရုံးသည် တရားလို၏ လျှောက်လဲချက်နှင့် ပူးတွဲတင်ပြလာသည့် စင်ကာပူနိုင်ငံ တရားရုံးချုပ် အမှုတွဲ အမှတ်စဉ် HC / OS 499 / 2017 ၏ မြန်မာဘာသာပြန်ဆိုချက်ပါ နှစ်ဦးကြားဆင့်ခေါ်ရန် အမိန့်စာအရ ဤအမှုကိုစွဲဆိုရန် ကန့်သတ်ထားခြင်းမရှိဟု သုံးသပ်ခဲ့ကြောင်း၊ အဆိုပါ ဘာသာပြန်ဆိုချက်မှာ မြန်မာနိုင်ငံတရားဥပဒေအရ အသိအမှတ်ပြုသောနိုတြီပဗ္ဗလစ်၏ ဘာသာပြန်ဆိုချက်မဟုတ်ကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကို မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သည်ဖြစ်ရာ ၂၀၁၇ ခုနှစ်၊ မတ်လတွင်စွဲဆိုသော တရားလို၏အမှုနှင့် သက်ဆိုင်နေပါလျက် ယင်းဥပဒေပုဒ်မ ၁၀ (က) နှင့်အညီ လျှောက်ထားမှုကို လက်မခံသည့်အမိန့် ချမှတ်ခြင်းမှာမှားယွင်းသဖြင့် ပြင်ဆင်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက စွဲဆိုမှုမှာ ဖြန့်ချီရေးသဘောတူ စာချုပ်များအရ ပေါ်ပေါက်လာသည့်အငြင်းပွားမှုကို အခြေပြု၍ ပေါ်ပေါက်ရခြင်းမဟုတ်ဘဲ ဖြန့်ချီရေးသဘောတူစာချုပ်များ ရပ်စဲလိုက်ပြီးနောက်ပိုင်းမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ယင်းအချက်ကို အဆိုလွှာအပိုဒ် ၆ တွင် ဖော်ပြထားကြောင်း၊ တရားပြိုင်ကုမ္ပဏီသည် တရားလို ကုမ္ပဏီကို ဖြတ်တောက်ပြီး အခြားကုမ္ပဏီတစ်ခုနှင့် လျှို့ဝှက်စွာ အစားထိုးဆောင်ရွက်မှုကြောင့် နစ်နာကြေးရရန် စွဲဆိုလာမှုဖြစ်ကြောင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရန်၊ လွှဲအပ်ရန် နှင့် ဆိုင်းငံ့ထားရန် လိုမည်မဟုတ်ဟု မူလရုံးက သုံးသပ်ဆုံးဖြတ်ခြင်းမှာ မှန်ကန်သဖြင့် ဆက်လက်အတည်ပြုသင့်ကြောင်း၊ သဘောတူစာချုပ်နှစ်ရပ်မှာ ၂၀၁၆ ခုနှစ်မတိုင်မီက ချုပ်ဆို ထားသည့် စာချုပ်များဖြစ်သဖြင့် ၂၀၁၆ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၅၈ (က) နှင့်လည်း သက်ဆိုင်ခြင်းမရှိကြောင်း၊ မူလရုံး၏ သုံးသပ်ဆုံးဖြတ်ချက်များကို ဆက်လက်အတည်ပြု၍ အယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

၂၀၁၆ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) အရ အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ခံယူစေရေးအတွက် လွှဲအပ်ပေးရန် လျှောက်ထားမှုတွင် အနုညာတ သဘောတူညီချက် ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း မတွေ့ရှိပါက အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်ရမည်ဖြစ်ပြီး ထိုသို့လွှဲအပ်ပါက အနုညာတ တရားစွဲဆိုဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရန် အမိန့်ချမှတ်ရမည် ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၀ (ဃ) တွင် ပြဋ္ဌာန်းထားသည်။

တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီကို ဖြတ်တောက်ပြီး အခြားကုမ္ပဏီတစ်ခု နှင့် လျှို့ဝှက်စွာ အစားထိုးဆောင်ရွက်မှုကြောင့် စီးပွားရေးလောကတွင် တရားလိုကုမ္ပဏီ၏ ဂုဏ်သိက္ခာကျဆင်းခြင်း၊ ဝန်ထမ်းများအလုပ်လက်မဲ့ဖြစ်ရသည့်အတွက် နစ်နာခြင်း၊ သိုလှောင်ရုံ၊ ဆိုင်ခန်းကောင်တာများ၊ ဆက်စပ်ပစ္စည်းများအတွက် ဆုံးရှုံးခြင်းတို့အတွက် နစ်နာကြေးတောင်းဆိုထားခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က တရားလို၏လျှောက်လဲချက်နှင့်အတူ တင်သွင်းသော စင်ကာပူနိုင်ငံ တရားရုံးချုပ် အမှုတွဲအမှတ်စဉ် HC / OS 499 / 2017၏ မြန်မာဘာသာပြန်ဆိုချက်အရ နှစ်ဦးကြားဆင့်ခေါ်ရန် အမိန့်စာတွင် ဤအမှုကိုစွဲဆိုရန် ကန့်သတ်ထားခြင်းမရှိကြောင်း၊ တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီနှင့် ချုပ်ဆိုထားသောစာချုပ်ကို မြန်မာနိုင်ငံအတွင်း ဖေါက်ဖျက်ခဲ့ခြင်းဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်အရလည်း မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် စွဲဆိုခွင့်ရှိကြောင်း သုံးသပ်၍ လျှောက်ထားမှုကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

တရားပြိုင်က အဆိုပါ အမိန့်စာမှာ နိုင်ငံ့ဘာသာပြန်ဆိုချက်မဟုတ်ကြောင်း တင်ပြပြီး အယူခံရုံးတွင် တင်သွင်းသော လျှောက်လဲချက်၌ နိုင်ငံ့ဘာသာပြန်ချက်ပါရှိသည့် အမိန့်စာကို ပူးတွဲတင်ပြလာသည်။

ယင်းအမိန့်စာတွင် **"စင်္ကာပူသမ္မတနိုင်ငံတရားလွှတ်တော်၌ တရားလို SHISEIDO SINGAPORE CO.(PTE) LIMITED က တော်ဝင်ဦးကုမ္ပဏီ လီမိတက်ကို တရားပြိုင်အဖြစ်ထားရှိစွဲဆိုသောအမှုတွင် စာချုပ်ဝင် တရားလိုနှင့်တရားပြိုင်တို့အကြား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က ချုပ်ဆိုထားခဲ့သည့် တစ်ဦးတည်းဖြန့်ချိရေး သဘောတူညီချက် (EDA) တွင် ပါရှိသော စည်းကမ်းချက်များပါဝင်သည့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ ဒီဇင်ဘာ ၃၁ ရက်နေ့ထိ ကာလအတွက် တရားလိုနှင့်တရားပြိုင်တို့ ချုပ်ဆိုထားသော သဘောတူညီချက်နှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ဆက်စပ်၍ဖြစ်စေ ပေါ်ပေါက်လာသည့် အငြင်းပွားမှုတစ်စုံတစ်ရာကို တရားလိုနှင့် တရားပြိုင်တို့အကြား ချုပ်ဆိုသော EDA သဘောတူညီချက်တွင်ပါဝင်သည့် အနုညာတစီရင်ဆုံးဖြတ်ရန် သဘောတူညီချက်နှင့်အညီ စင်္ကာပူနိုင်ငံတွင် စီရင်ဆုံးဖြတ်ခြင်းမှတစ်ပါး တရားပြိုင်ကိုယ်တိုင်ဖြစ်စေ၊ တရားပြိုင်၏ကိုယ်စားလှယ် သို့မဟုတ် ဝန်ထမ်းဖြစ်စေ၊ တရားလိုအပေါ် နောက်ထပ် ဤရုံးမှအမိန့်တစ်စုံတစ်ရာမရမချင်း မြန်မာနိုင်ငံတွင် တရားပြိုင်က စွဲဆိုထားသည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၃၁ / ၂၀၁၇ အပါအဝင် ယင်းအမှုတစ်မှုတည်းကိုသာ ကန့်သတ်မထားဘဲ အခြားမှုခင်းတစ်စုံတစ်ရာ စတင်ဆောင်ရွက်မှု၊ တောင်းဆိုမှုနှင့် စွဲဆိုမှုတစ်ခုခုကို မပြုလုပ်ရန်တရားပြိုင်အား တားမြစ်သည့် ဤကြားဖြတ်အမိန့်ကို ထုတ်ပေးလိုက်သည်"** ဟု ဖေါ်ပြထားသည်ကို တွေ့ရသည်။

အဆိုပါအမိန့်သည် SHISEIDO SINGAPORE CO. (PTE) LIMITED က တော်ဝင်ဦး ကုမ္ပဏီလီမိတက်အပေါ် စင်္ကာပူပြည်သူ့သမ္မတနိုင်ငံ တရားရုံးချုပ်တွင် စွဲဆိုသည့်အမှု၌ တရားရုံး က တော်ဝင်ဦးကုမ္ပဏီလီမိတက်သို့ ထုတ်ပြန်လိုက်သည့် အမိန့်စာဖြစ်ပြီး တော်ဝင်ဦးကုမ္ပဏီ လီမိတက်သည် တားမြစ်ထားသည်များကို သိလျက်နှင့် ဆက်လက်လုပ်ဆောင်ပါက ၎င်းအပေါ် စင်္ကာပူတရားရုံးက သီးခြားအရေးယူမှု တစ်စုံတစ်ရာ ရှိနိုင်သည်မှအပ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ စွဲဆိုထားသည့်အမှုမှာ ထိုအမိန့်စာကြောင့် ဆိုင်းငံ့ရန်အကြောင်း မရှိပေ။

တရားလိုသည် တရားပြိုင်ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် ၁၆-၃-၂၀၁၇ ရက်နေ့တွင် အမှုစွဲဆိုထားခြင်းဖြစ်သည်။ တရားပြိုင်၏ လျှောက်ထားလွှာအရ စာချုပ်ပါသဘောတူညီချက်များမှာ သက်တမ်းကုန်ဆုံးပြီးနောက်တွင်လည်း ပျက်ပြယ်ခြင်းမရှိ၊ အကျိုးသက်ရောက်လျက်ရှိနေသည်ဟု ကောက်ယူနိုင်မည့် အထောက်အထား လုံလောက်ခြင်းမရှိသည်ဖြစ်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေပုဒ်မ ၁၀ (က) နှင့် ၁၀ (ဃ) တို့အရ အမှုကိုအနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူစေရန် လွှဲအပ်အမိန့်ချမှတ်ပေးပါရန်နှင့် ဆိုင်းငံ့ ပေးပါရန် တရားပြိုင်၏လျှောက်ထားလာမှုအား ငြင်းပယ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏အမိန့်မှာ မှားယွင်းခြင်းမရှိသဖြင့် ဤရုံးကစွက်ဖက်ပြင်ဆင်ရန် မလိုအပ်ချေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

( သာဌေး )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး